# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ (၂) အမှတ် (၂) ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်


## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | နာမည်ဆိုးရှိသော နိုင်ငံတကာ ဟက်ကာအဖွဲ့ဝင်တစ်ဦးအား ထောင်ဒဏ်ချမှတ်ခြင်း။ | ၂-၃ |
| ၂။ | စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာ ဝန်ဆောင်မှုအခကြေးငွေများသတ်မှတ်ခြင်း အမိန့်ကြော်ငြာစာနှင့် စပ်လျဉ်းသည့် သတင်းစဉ်။ | ၄-၆ |
| ၃။ | မလေးရှားနိုင်ငံ၊အထူးစီးပွားရေးဇုန်တွင်ခွင့်ပြုထားသော ပိုမိုအကျိုးခံစားခွင့် (Incentives)များ။ | ၇-၈ |
| ၄။ | နိုင်ငံတကာအဆင့်မီစာချုပ်စာတမ်းများ ပြုလုပ်ချုပ်ဆိုခြင်းဆိုင်ရာသင်တန်းဖွင့်လှစ်ခြင်း။ | ၉-၁၀ |

## နာမည်ဆိုးရှိသော နိုင်ငံတကာ ဟက်ကာအဖွဲ့ဝင်တစ်ဦးအား ထောင်ဒဏ်ချမှတ်ခြင်း

အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်ပြည်နယ်၊ Seattle ရှိ United States District Court က နာမည်ဆိုးရှိသော နိုင်ငံတကာဟက်ကာအဖွဲ့ (Shiny Hunters) အဖွဲ့ဝင်ဖြစ်သူ အသက် ၂၂ နှစ်ရှိ ပြင်သစ်နိုင်ငံသား Sebastien Raoult အား အွန်လိုင်းလိမ်လည်မှုနှင့် ကိုယ်ရေးအချက်အလက်များ ခိုးယူမှုဖြင့် ထောင်ဒဏ် ၃ နှစ်ကျခံရန် ၉-၁-၂၀၂၄ ရက်နေ့တွင် အမိန့်ချမှတ်ခဲ့ပါသည်။ Raoult သည် ၂၀၂၂ ခုနှစ်တွင် မော်ရိုကိုနိုင်ငံ၌ ဖမ်းဆီးခြင်းခံရပြီး ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလတွင် အမေရိကန်ပြည်ထောင်စုသို့ လွှဲပြောင်းခြင်း ခံခဲ့ရပါသည်။

လွန်ခဲ့သော ၂ နှစ်ကျော်က Raoult သည် ကွန်ပျူတာများကို hack ၍ ကုမ္ပဏီများနှင့် လူအများ၏ အရေးကြီးသောအချက်အလက်များကို ခိုးယူရောင်းချသောအဖွဲ့တွင် ပါဝင်ခဲ့ကြောင်း၊ လူအများ၏ cryptocurrency ကိုခိုးယူခဲ့ပြီး အကျိုးအမြတ်များ ရယူခဲ့ကြောင်း၊ Raoult နှင့် အပေါင်းအပါများသည် အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်ပြည်နယ်အပါအဝင် ကမ္ဘာတစ်ဝှမ်းရှိ ကုမ္ပဏီလုပ်ငန်းများမှကွန်ပျူတာတွင်ထိန်းသိမ်းထားသော လျှို့ဝှက်သတင်းအချက်အလက်များနှင့် customer ၏ကိုယ်ရေးအချက်များကို hack ၍ ရယူခဲ့ကြောင်း၊ ယင်းအချက်အလက်များကို ရောင်းချခြင်း၊ အရေးကြီးသောဖိုင်များကို ငွေမပေးပါက ဖွင့်ချမည် သို့မဟုတ် ရောင်းချမည်ဟု ခြောက်လှန့်ခြင်းဖြင့် ကျူးလွန်ခဲ့ကြောင်း သိရသည်။

Raoult သည်တရားဝင်စီးပွားရေးလုပ်ငန်းဟန်ဆောင်၍ website များကို ဖန်တီးခဲ့ကြောင်း၊ ၎င်းကြံရာပါများက ကုမ္ပဏီဝန်ထမ်းများထံ အယောင်ဆောင်အီးမေးလ်များပေးပို့၍ ယင်းဟန်ဆောင် website များကို login ပြုလုပ်စေကြောင်း၊ ထို့နောက် ပြစ်မှုကျူးလွန်ခံရသူ victim များက အဆိုပါ website များတွင် sign-on ပြုလုပ်သည့်အခါ Raoult နှင့် ကြံရာပါများက vicitm များ၏ လျှို့ဝှက်ချက်များကိုရယူခြင်း၊ victim များ၏ account များကို ခိုးယူခြင်းဖြင့် ကုမ္ပဏီများသည် အမေရိကန်ဒေါ်လာ ၆ သန်းကျော် ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

Raoult က တရားရုံးတွင် ၎င်း၏အမှားကို ကောင်းစွာသိရှိပြီး နောင်တွင် ထပ်မံမဖြစ်စေရန် နေထိုင်မည်ဖြစ်ကြောင်း၊ မည်သည့်အခါမျှ hacking ပြုလုပ်မည် မဟုတ်ကြောင်း၊ မိသားစုက စိတ်ပျက်သည့်သူမဖြစ်အောင်နေမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ခရိုင်တရားသူကြီး Robert S. Lasnik က Raoult ၏ မိသားစုများကို Raoult သည် ပြင်သစ်နိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်၌ နောင်တွင်ပြစ်မှုမကင်းသောအပြုအမူများ မပြုလုပ်ရန် စောင့်ကြည့်နေရမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ် : https://www.justice.gov/us

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ (၂) အမှတ် (၂)　　　　၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်

## စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာ ဝန်ဆောင်မှုအခကြေးငွေများ သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာနှင့် စပ်လျဉ်းသည့် သတင်းစဉ်

မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီသည် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေပုဒ်မ ၈၆ ပုဒ်မခွဲ (ဂ) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာ ဝန်ဆောင်မှုအခကြေးငွေများသတ်မှတ်ခြင်းအမိန့်ကြော်ငြာစာကို ၂၉-၁၂-၂၀၂၃ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၃ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

ယင်းအမိန့်ကြော်ငြာစာတွင် စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခြင်းကို စစ်ဆေးခြင်းအတွက်ငွေကျပ်၁၂၀,၀၀၀ဖြင့်လည်းကောင်း၊စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းအား ပြန်လည်လျှောက်ထားခွင့်ပြုပါရန် တောင်းဆိုခြင်းကို စစ်ဆေးခြင်းအတွက် ငွေကျပ် ၆၅,၀၀၀ ဖြင့်လည်းကောင်း၊ စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားချက်တွင် စာအရေးအသားအမှားနှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများအား ပြင်ဆင်ပေးရန် တောင်းဆိုခြင်းကို စိစစ်ပြင်ဆင်ခြင်းအတွက် ငွေကျပ် ၃၅,၀၀၀ ဖြင့်လည်းကောင်း၊ စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်းအား ခွဲခြားပေးရန် တောင်းဆိုခြင်းကို စိစစ် ခွဲခြားပေးခြင်း အတွက် ငွေကျပ် ၁၀၀,၀၀၀ဖြင့်လည်းကောင်း၊ စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းအား ကန့်ကွက်လွှာ လျှောက်ထားခြင်းကိုစစ်ဆေးခြင်းအတွက် ငွေကျပ် ၁၀၀,၀၀၀ ဖြင့်လည်းကောင်း၊ စက်မှုဒီဇိုင်းမှတ်ပုံ တင်ခြင်းကို မှတ်တမ်းတင်ခြင်းအတွက် ငွေကျပ် ၁၀၀,၀၀၀ ဖြင့်လည်းကောင်း၊ စက်မှုဒီဇိုင်းမှတ်ပုံတင် လက်မှတ်မိတ္တူမှန်ထုတ်ပေးရန် တောင်းဆိုခြင်းကို စိစစ်ခွင့်ပြုခြင်းအတွက် ငွေကျပ် ၃၅,၀၀၀ ဖြင့် လည်းကောင်း၊ စက်မှုဒီဇိုင်းမှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသည့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အချက်အလက်များကို ပြင်ဆင်ပေးရန် တောင်းဆိုခြင်းကို စိစစ်ပြင်ဆင်ခြင်း အတွက် ငွေကျပ် ၃၅,၀၀၀ ဖြင့်လည်းကောင်း၊ စက်မှုဒီဇိုင်းမှတ်ပုံတင်သက်တမ်းတိုးပေးရန် တောင်းဆိုခြင်းကို စိစစ်မှတ်တမ်းတင် ခြင်းအတွက် ငွေကျပ် ၂၂၀,၀၀၀ ဖြင့်လည်းကောင်း၊ စက်မှု

ဒီဇိုင်းအခွင့်အရေးများ လွှဲပြောင်းခြင်းအား မှတ်တမ်းတင်ပေးရန် တောင်းဆိုခြင်းကို စိစစ်မှတ်တမ်းတင်ခြင်းအတွက်ငွေကျပ်၈၀,၀၀၀ဖြင့်လည်းကောင်း၊မှတ်ပုံတင်ထားသောစက်မှုဒီဇိုင်းကို ခွင့်ပြုချက်ဖြင့်လုပ်ကိုင်ခွင့်ပေးခြင်းအားမှတ်တမ်းတင်ပေးရန်တောင်းဆိုခြင်းကိုစိစစ်မှတ်တမ်းတင်ခြင်းအတွက် ငွေကျပ် ၈၀,၀၀၀ ဖြင့်လည်းကောင်း၊ မှတ်ပုံတင်ထားသောစက်မှုဒီဇိုင်းအား တရားမဝင်ကြောင်း ကြေညာပေးရန် တောင်းဆိုခြင်းကို စစ်ဆေး ခြင်းအတွက် ငွေကျပ် ၁၅၀,၀၀၀ ဖြင့်လည်းကောင်း၊ ကိုယ်စားလှယ်အမည် ပြောင်းလဲပြင်ဆင်ပေးရန် တောင်းဆိုခြင်းကို စိစစ်ပြင်ဆင်ခြင်းအတွက် ငွေကျပ် ၂၀,၀၀၀ဖြင့်လည်းကောင်း၊ သတ်မှတ်ထားသည့်အချိန်ကာလအားတိုးမြှင့်ပေးရန်တောင်းဆိုခြင်းကို စိစစ်ခွင့်ပြုခြင်းအတွက် ငွေကျပ် ၃၅,၀၀၀ ဖြင့် လည်းကောင်း၊ အယူခံလျှောက်ထားခြင်းကို စစ်ဆေးခြင်းအတွက် ငွေကျပ် ၃၀၀,၀၀၀ ဖြင့်လည်းကောင်း၊ ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုခြင်းအတွက် ငွေကျပ် ၃၅,၀၀၀ ဖြင့်လည်းကောင်း ဝန်ဆောင်မှုအမျိုးအစားအလိုက် အခကြေးငွေများကို စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခဲ့ခြင်းဖြစ်ပြီး စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခြင်းဆိုင်ရာ ဝန်ဆောင်ခအမျိုးအစားများအတွက် အခကြေးငွေများကို အခါအားလျော်စွာ စိစစ်ပြင်ဆင် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ယင်းအမိန့်ကြော်ငြာစာထုတ်ပြန်ခြင်းဖြင့် စက်မှုဒီဇိုင်းပိုင်ရှင် သို့မဟုတ် အခွင့်အရေးရရှိသူတို့သည် သတ်မှတ်ထားသောဝန်ဆောင်ခကို ပေးသွင်း၍ မိမိဖန်တီးပြုလုပ်ထားသော အသစ်ဖြစ်သည့် အပြင် တုပမှုကင်းစွာဖန်တီးထားသည့် စက်မှုဒီဇိုင်းတစ်ရပ်ရပ်ကို အကာအကွယ်ရရှိရန် မှတ်ပုံတင် လျှောက်ထားခြင်းဖြင့် စက်မှုဒီဇိုင်းဥပဒေနှင့်အညီ အကာအကွယ်များရရှိခြင်း၊ အကာအကွယ်ရရှိထားသော စက်မှုဒီဇိုင်းပိုင်ရှင် သို့မဟုတ် အခွင့်အရေးရရှိသူများသည် ၎င်းတို့၏ခွင့်ပြုချက်မရှိဘဲ စက်မှုဒီဇိုင်း တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပုံတူကူးယူခြင်း သို့မဟုတ် ဆင်တူ

ရိုးမှားပြုလုပ်ခြင်း၊ စီးပွားဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများကို တားဆီးနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့် နှင့် ညွှန်ကြားချက်များဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်: စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ (၂) အမှတ် (၂)　　၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်

## မလေးရှားနိုင်ငံ၊ အထူးစီးပွားရေးဇုန်တွင် ခွင့်ပြုထားသော ပိုမိုအကျိုးခံစားခွင့်(Incentives)များ

မလေးရှားနိုင်ငံ၏ အထူးစီးပွားရေးဇုန်များသည် အခွန်အကျိုးခံစားခွင့်များ၊ ပိုမိုကောင်းမွန်သော အခြေခံအဆောက်အဦများ၊ စီးပွားရေးလုပ်ငန်းများနှင့် လိုက်လျောညီထွေရှိသည့် စည်းမျဉ်းစည်းကမ်းကောင်းများ၊ သီးခြားစက်မှုလုပ်ငန်းများကို အဓိကထားခြင်းနှင့် အားကောင်းသော အစိုးရ၏ပံ့ပိုးကူညီခြင်းတို့ဖြင့် ပိုမိုကောင်းမွန်သော ဈေးကွက်ရရှိခြင်းတို့ကဲ့သို့ ပိုမိုအကျိုး ခံစားခွင့် (incentives)များဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဆွဲဆောင်လျက်ရှိနေပါသည်။ မလေးရှားနိုင်ငံသည် အဓိကစီးပွားရေးစင်္ကြံများအဖြစ် East Coast Economic Region (ECER)၊ Northern Corridor Economic Region (NCER) နှင့် Iskandar Malaysia (IM)တို့ကို တည်ထောင်ခဲ့ရာ ယင်းစီးပွားရေးစင်္ကြံများမှ ရင်းနှီးမြှုပ်နှံမှုများစွာဆွဲဆောင်နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။မလေးရှားနိုင်ငံ၏စီးပွားရေးစင်္ကြံများသည် အဓိကအားဖြင့် အခွန်သက်သာခွင့် Incentives များ ခွင့်ပြုပေးခြင်းဖြစ်ပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ခရီးသွားလုပ်ငန်းနှင့်စွမ်းအင်ကဲ့သို့သော ကဏ္ဍအလိုက် Incentives များပေးထားသည်ကို တွေ့ရှိရပါသည်။

East Coast Economic Region (ECER) သည် ကုန်ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍ၊ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ရေနံဓာတုလုပ်ငန်းကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ စိုက်ပျိုးရေးနှင့်ဆက်စပ်သည့်ကဏ္ဍ၊ ပညာရေးနှင့်ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာကဏ္ဍများအတွက် incentives အနေဖြင့် သတ်မှတ်ထားသော လုပ်ငန်းများအတွက် ကုမ္ပဏီမှတရားဝင်ဝင်ငွေရရှိချိန်မှ စ၍ ၁၀ နှစ် သို့မဟုတ် ၁၅ နှစ်အတွက် ၇၀ ရာခိုင်နှုန်းနှင့် ၁၀၀ ရာခိုင်နှုန်း အကြားဝင်ငွေခွန် ကင်းလွတ်ခွင့်များ ခွင့်ပြုပေးထားပါသည်။ ထို့ပြင် ခွင့်ပြုထားသောလုပ်ငန်းအတွက် ရရှိထားသော မြေ သို့မဟုတ် အဆောက်အဦအတွက် တံဆိပ်ခေါင်းခွန်ကင်းလွတ်ခွင့်အပြင် ငါးနှစ်တာကာလအတွက် စုစုပေါင်းကုန်ကျစရိတ်၏ ၁၀၀ ရာခိုင်နှုန်းနှင့်ညီမျှသည့် ရင်းနှီးမြှုပ်နှံမှုအခွန်ထောက်ပံ့ကြေးကိုလည်း ခွင့်ပြုပေးထားကြောင်း တွေ့ရှိရပါသည်။

Northern Corridor Economic Region (NCER) သည် ၎င်း၏ ဦးစားပေးကဏ္ဍများဖြစ်သည့် ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့်ဇီဝစက်မှုလုပ်ငန်း၊ခရီးသွားလုပ်ငန်း၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် ဆေးသိပ္ပံဆိုင်ရာလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံသည့် စီးပွားရေးလုပ်ငန်းများဖြစ်ပါက အောက်ပါ Incentives များ ခွင့်ပြုပေးထားကြောင်း တွေ့ရှိရပါသည်-

- ၁၅ နှစ်ထိ ဝင်ငွေခွန် ၁၀၀ ရာခိုင်နှုန်းကင်းလွတ်ခွင့်၊
- ၁၀ နှစ်တာကာလအတွက် ဝင်ငွေခွန် 100 ရာခိုင်နှုန်းအထိ ခွင့်ပြုချက်(allowance)
- မြေငှားရမ်းခတွင် တံဆိပ်ခေါင်းခွန် ၅၀ ရာခိုင်နှုန်း လျှော့ချကောက်ခံခြင်း နှင့်
- ကုန်ကြမ်း၊စက်ယန္တရား၊အပိုပစ္စည်းနှင့်စက်ပစ္စည်းများတင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်။

Iskandar Malaysia သည် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်သည့်ကဏ္ဍ(၉)ခု သတ်မှတ်ထားရာ ယင်းကဏ္ဍများတွင်ပါဝင်သည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း၊ ဖန်တီးမှုလုပ်ငန်းများ၊ လျှပ်စစ်နှင့် အီလက်ထရွန်းနစ်လုပ်ငန်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ပို့ဆောင်ရေးလုပ်ငန်း၊ ငွေကြေးနှင့်စီးပွားရေးဝန်ဆောင်မှုလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းနှင့် အစားအစာ နှင့် စိုက်ပျိုးရေးလုပ်ငန်းစသည့် လုပ်ငန်းများအတွက် တရားဝင် ဝင်ငွေအပေါ် ၁၀ နှစ်အထိ ၁၀၀ ရာခိုင်နှုန်း အခွန်ကင်းလွတ်ခွင့် သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအပေါ် ၁၀ နှစ်အထိ ၂၀၀ ရာခိုင်နှုန်း အခွန်လျှော့ချခွင့်တို့ကို ခွင့်ပြုပေးထားကြောင်း တွေ့ရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်: https://www.aseanbriefing.com/news/malaysia-special-economic-zones-incentives-available-investor-guide/

## နိုင်ငံတကာအဆင့်မီစာချုပ်စာတမ်းများ ပြုလုပ်ချုပ်ဆိုခြင်းဆိုင်ရာသင်တန်းဖွင့်လှစ်ခြင်း

ဥပဒေရေးရာဝန်ကြီးဌာနတွင် ၁၅-၁-၂၀၂၄ ရက်နေ့ မှ ၁၆-၁-၂၀၂၄ ရက်နေ့ အထိ နိုင်ငံတကာအဆင့်မီစာချုပ်စာတမ်းများ ပြုလုပ်ချုပ်ဆိုခြင်းဆိုင်ရာသင်တန်းကို ဖွင့်လှစ်ပို့ချခဲ့ရာ ဥပဒေရေးရာဝန်ကြီးဌာနမှ ဥပဒေအရာရှိ စုစုပေါင်း (၆၀)ဦး တက်ရောက်ခဲ့သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားကိုလည်းယင်းနေ့နံနက်ပိုင်းတွင်ဥပဒေရေးရာဝန်ကြီးဌာန၊မြေညီထပ်အစည်းအဝေးခန်းမ၌ကျင်းပခဲ့ပြီး အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်ဒေါက်တာသီတာဦးကတက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ်က ဥပဒေရေးရာဝန်ကြီးဌာနသည်တရားမျှတမှုအတွက်ဥပဒေဝန်ဆောင်မှုဟူသည့် မဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မဟာဗျူဟာအရ ဥပဒေရေးရာဝန်ဆောင်မှုများကိုနည်းလမ်းအသွယ်သွယ်ဖြင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ဘာသာရပ်ဆိုင်ရာ ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းများကိုလည်း ဖွင့်လှစ်ပို့ချလျက်ရှိရာ အဆိုပါသင်တန်းများသည် ဥပဒေအရာရှိများ အတွက်သာမက အခြားဝန်ကြီးဌာနများမှ ဝန်ထမ်းများအတွက်ပါ ပို့ချပေးလျက်ရှိပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက်လည်း ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းများဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ အောင်မြင်မှုများစွာ ရရှိခဲ့ပါကြောင်း၊ စီးပွားရေးစာချုပ်စာတမ်းချုပ် ဆိုခြင်းနှင့်စပ်လျဉ်း၍လည်း ယေဘုယျသဘော တရားများပို့ချသည့် သင်တန်းများသာမက စီးပွားရေးစာချုပ်စာတမ်းဆိုင်ရာ သီးသန့်သင်တန်းများကိုလည်း ဖွင့်လှစ်ပေးလျက် ရှိပါကြောင်း၊ ယခုသင်တန်းမှ စီးပွားရေးစာချုပ်စာတမ်းများနှင့် စပ်လျဉ်းသည့် အသိပညာဗဟုသုတများစွာ ရရှိမည်ဟု ယုံကြည်ပါကြောင်း၊ သင်တန်းသားများက လည်းအချိန်ကို အကျိုးရှိစွာအသုံးချပြီး ကြိုးစားသင်ယူကြစေလိုပါကြောင်း ပြောကြားခဲ့ပါသည်။

သင်တန်းတွင် နိုင်ငံတကာဘာသာရပ်ဆိုင်ရာပညာရှင်များက သင်ကြားပို့ချမည်ဖြစ်ပါ သည်။ သင်ကြားပို့ချရာတွင်စာချုပ်ဝင်များ၏သတင်းအချက်အလက်များကိုမပေါက်ကြားစေရန် စောင့်ထိန်းရမည့်တာဝန်များသတ်မှတ်ခြင်း(Confidentiality)၊ စာချုပ်တွင် အာမခံခြင်း နှင့်ကိုယ်စားပြုခြင်းများသတ်မှတ်ဖော်ပြခြင်း (Representations and Warranties)၊ စာချုပ်ဝင်များအကြား အငြင်းပွားမှု

များ ပေါ်ပေါက်ပါက အကြောင်းကြားရမည့် အချိန်ကာလသတ်မှတ်ခြင်း၊ ညှိနှိုင်းဖြေရှင်းခြင်းနှင့် အငြင်းပွားမှုကို ဖြေရှင်းသည့်နည်းလမ်းများ ရွေးချယ်သတ်မှတ်ခြင်း (Dispute Resolution)၊ အငြင်းပွားမှုဖြေရှင်းရာတွင်လိုက်နာကျင့်သုံးမည့်ဥပဒေရွေးချယ်ခြင်းနှင့် အငြင်းပွားမှုကိုဖြေရှင်းမည့် တရားရုံးရွေးချယ်သတ်မှတ်ခြင်း (Governing Law / Jurisdiction)၊ စာချုပ်ဝင်တစ်ဦးဦးက စာချုပ်ပါစည်းကမ်းချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်း သို့မဟုတ် စာချုပ်ကို အကောင်အထည်ဖော်ဆောင်ရွက်မှုမရှိခြင်းကြောင့်ဖြစ်ပေါ်လာသည့် နစ်နာဆုံးရှုံးမှုများအတွက် တာဝန်ရှိမှုများ သတ်မှတ်ခြင်းနှင့် လျော်ကြေးပေးလျော်စေခြင်း (Indemnity)၊ မလွန်ဆန်နိုင်သော ဖြစ်ရပ်များပေါ်ပေါက်ပါက အကြောင်းကြားရမည့်အချိန် သတ်မှတ်ခြင်းနှင့် ဖြစ်ပေါ်လာသည့် ဆုံးရှုံးနစ်နာမှုများအတွက် စာချုပ်ဝင်များအပေါ်တာဝန်မရှိကြောင်းသတ်မှတ်ဖော်ပြခြင်း(Force Majeure)၊စာချုပ်ကို ပြောင်းလဲပြင်ဆင်မည့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ခြင်း (Variation)၊ စာချုပ်ရုပ်စဲမည့် နည်းလမ်းများ သတ်မှတ်ခြင်း(Termination)၊ စာချုပ်ရုပ်စဲပြီးသော်လည်း အချို့စာပိုဒ်များ ဆက်လက်အကျိုးသက်ရောက်ကြောင်းဖော်ပြခြင်း (Survival) စသည့် စီးပွားရေးစာချုပ်စာတမ်းများ ချုပ်ဆိုရာတွင် ထည့်သွင်းစဉ်းစားရမည့် အကြောင်းအရာများအပြင် Share Purchase Agreement နှင့်သက်ဆိုင်သည့် အကြောင်းအရာများကိုပါ သင်ကြားပို့ချသည့်အတွက် အစိုးရနှင့်သက်ဆိုင်သော စီးပွားရေးစာချုပ်စာတမ်းများကိုစိစစ်အကြံပြုခြင်းနှင့် စီးပွားရေးစာချုပ်စာတမ်းများ ချုပ်ဆိုခြင်းနှင့်စပ်လျဉ်း၍ အခြားဝန်ကြီးဌာနများမှ ဝန်ထမ်းများအတွက် သင်တန်းများပို့ချပေးခြင်းများ ဆောင်ရွက်လျက်ရှိသည့် ဥပဒေအရာရှိများအတွက် နိုင်ငံတကာအဆင့်မီစာချုပ်စာတမ်းများ ပြုလုပ်ချုပ်ဆိုခြင်းနှင့် စပ်လျဉ်းသည့် အတွေ့အကြုံဗဟုသုတများစွာ တိုးတက်များလာစေမည်ဖြစ်ပါသည်။

ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ (၂) အမှတ် (၂) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

